မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊
UMFCCI တာဝါ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ မြန်မာ။

**ဖေဖော်ဝါရီလ ၆ ရက်၊ ၂၀၁၅ ခုနှစ်**

# အမြန်ကြေညာချက်အတွက်

# မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှမြန်မာ့အထည်ချုပ်လုပ်ငန်းအတွက် ပထမဆုံးအကြိမ်အဖြစ် ကျင့်ဝတ်စည်းမျဉ်းများကို ထုတ်ပြန်ခြင်း။

လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးနေသော မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍအတွက် လိုက်နာသင့်သော စီးပွားရေးကျင့်ထုံးများပါဝင်သည့် လက်တွေ့ကျသော လမ်းညွှန်စာအုပ်။

**အဓိကအကြောင်းအချက်များ**

၁။ ဤကျင့်ဝတ်စည်းမျဉ်းများမှာ မြန်မာ့အထည်ချုပ် လုပ်ငန်းရှင်များအသင်းနှင့် ဥရောပသမဂ္ဂ SMART MYANMAR PROJECTမှပူးပေါင်းပြုစုရေးသားပြီး မြန်မာ့အဝတ်အစား ထုတ်လုပ်မှုလုပ်ငန်းရှင်များအတွက် ရေးသားထားသော ပထမဆုံးကျင့်ဝတ်များ ဖြစ်သည်။

၂။ ဤကျင့်ဝတ်စာတမ်းသည် အများသဘောအရ ပေါ်ပေါက်လာသော ကျင့်ထုံးများသာဖြစ်သည်။ မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း အဖွဲ့ဝင်များအတွက် ၎င်းတို့၏စီးပွားရေးဆိုင်ရာ မူဝါဒများအတွက် အသုံးဝင်မည့်ကျင့်ထုံးများဖြစ်လာစေရန် ရည်ရွယ်သည်။

၃။ ဥရောပနှင့်အမေရိကန် ကဲ့သို့သော ထုတ်လုပ်မှုဆိုင်ရာ လူမှုကျင့်ထုံးစံနှုန်းများကို တောင်းဆိုတတ်သည့် ထုတ်လုပ်သူများထံမှ အကျိုးအမြတ်များသော အပြည်ပြည်ဆိုင်ရာ အော်ဒါမှာယူမှုများကို မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်းကျင့်ထုံးများအား အပြည့်အဝလိုက်နာသော ကုမ္ပဏီများမှ အခွင့်အလမ်းရှိမည်ဖြစ်သည်။

၄။ မြန်မာနိုင်ငံမှဥရောပသို့ အထည်တင်ပို့မှုမှာ ၂၀၁၄ တွင်(၂)ဆမြင့်တက်ခဲ့သော်လည်း အားလုံးကြားတွင် BSC,WRAP,SEDEX,SA8000 ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လူမှုစံနှုန်းသတ်မှတ်ချက်များကို ယှဉ်နိုင်သည့် ထုတ်လုပ်သူများနှင့် ကုန်သွယ် ကျင့်ဝတ်ကိုဦးစားပေးသည့် ထုတ်လုပ်သူများမှသာ အော်ဒါအများစုလက်ခံရရှိခဲ့သည်။

၅။ မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း ကျင့်ဝတ်စည်းမျဉ်းများမှာ မြန်မာနိုင်ငံ၏ အလုပ်သမား ဥပဒေများနှင့် နိုင်ငံတကာအလုပ်သမားအသင်းအဖွဲ့ (ILO) တို့၏အခြေခံကျင့်ဝတ်များကို ခြုံငုံထားရှိပြီးဖြစ်သည်။

၆။ ဤကျင့်ဝတ်ဆိုင်ရာစာတမ်းမှာ မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များမှ လပေါင်းများစွာ အစည်းအဝေးအကြိမ်ကြိမ် ပြုလုပ်ပြီးမှရရှိခဲ့ပြီး ဥရောပသမဂ္ဂမှပံ့ပိုးသောSMART MYANMAR PROJECT၏ လူမှုစံနှုန်းပြည့်မီစေမည့် အလုပ်ဆွေးနွေးပွဲ(Workshops) များစွာမှရလဒ်ဖြစ်သည်။

၇။ နိုင်ငံတကာအလုပ်သမားအသင်းအဖွဲ့မှလည်းမြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏အဖွဲ့ဝင် ကုမ္ပဏီများကို စက်မှုအလုပ်ရုံဆိုင်ရာနှင့် လူငယ်လုပ်သားခန့်အပ်မှု ဆက်နွယ်ခြင်း၏ အရေးပါပုံကိုသင်တန်းပေးရာတွင် ပါဝင်ခဲ့ပြီးဖြစ်သည်။

**အကျဉ်းချုပ်**

မြန်မာ့အထည်ချုပ်ကဏ္ဍသည် လျင်မြန်စွာဖွံ့ဖြိုးလျက်ရှိပြီး မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် လိုလားချက်များကို ပြည့်မီစေမည့် စိတ်ချယုံကြည်ရသော စီးပွားရေးကျင့်ထုံးများကို ဥရောပသမဂ္ဂ SMART MYANMAR PROJECT နှင့် နီးကပ်စွာလက်တွဲလုပ်ဆောင်လျက်ရှိသည်။
မြန်မာ့အထည်ထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံတကာအသိအမှတ်ပြုစိတ်ချယုံကြည်ရပြီး ကျင့်ဝတ်ပိုင်းလိုက်နာသော အထည်ထုတ်လုပ်မှု လုပ်ငန်းဖြစ်စေရေးအတွက် ဤကျင့်ဝတ်စံနှုန်းများမှ လမ်းညွှန်နိုင်ပါလိမ့်မည်။

**အခြားသတင်းအချက်အလက်များ**

**MAMG သို့ဆက်သွယ်အကြံပြုရန်**။ ။မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌဦးမြင့်စိုး
(umyintsoe.chindwin@gmail.com +95 1 214829)
**For clarifications and further information:Jacob Clere, MGMA Project Manager,** jclere@gmail.com (or)
inquiries@myanmargarments.org +95 9 250123164

**SMART MYANMAR သို့ဆက်သွယ်အကြံပြုရန်**။ ။
**Simone Lehmann:**simone.lehmann@sequa.de (or) **Su Tayar Lin:**sutayarlin@googlemail.com +95 9 515 8286

**ကိုးကား**

ကျွန်မတို့အနေနဲ့ တာဝန်ယူသင့်တယ်ထင်တဲ့အရာတိုင်းအတွက် စဉ်းစားပြီးတော့ စက်ရုံကို အမြဲတမ်း လည်ပတ်စေခဲ့ပါတယ်။ ဒါပေမယ့်လည်း အတိုင်းအတာတစ်ခုထပ်ပိုပြီး လုပ်ဆောင်စရာတွေရှိပါသေးတယ်။ ဥပမာအနေဖြင့် လက်ရှိမှာတော့ ဝန်ထမ်းစာချုပ်ချုပ်ဆိုခြင်းတွေက မြန်မာ့စီးပွားရေးနယ်ပယ်မှာ အလေ့အထမရှိသေးပေမယ့် အရေးပါတဲ့အတွက် အချို့စက်ရုံတွေအနေနဲ့လုပ်သင့်ပါတယ်။ အချို့စက်ရုံတွေအနေနဲ့ကျတော့လည်း မီးဘေးကာကွယ်မှု အစီအစဉ်များအမြဲထားရှိဖို့နှင့် ဥပဒေအရသတ်မှတ်ထားတဲ့ အလုပ်ချိန်တွေမကျော်လွန်စေဖို့ သက်သက်သာသာ လုပ်ဆောင်ထားသင့်ပါတယ်။ ကျွန်မတို့အားလုံး အပြည်ပြည်ဆိုင်ရာ စံနှုန်းကိုအဆင့်မီစေဖို့ ကျမတို့ အထည်ချုပ်အသင်း ကဒီကျင့်ဝတ်ဥပဒေစာတမ်းကို ပြုစုခဲ့ပြီးဖြစ်ပါတယ်။

- **Win Ei Khine, MGMA Executive Board Member and Director. Maple Trading Co.**

SMART MYANMAR မှမြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်းနဲ့ ဒီစာတမ်းကိုပြုစုရာမှာ အကူအညီပေးခဲ့ပေမဲ့လည်း စက်ရုံပိုင်ရှင်များရဲ့ စွမ်းဆောင်ကူညီမှုများမပါရင် ရရှိခဲ့မှာမဟုတ်ပါဘူး။ မြန်မာအထည်ချုပ်လုပ်ငန်းရှင်များဟာ နိုင်ငံတကာ တံဆိပ်များမှ စံနှုန်းမီပြီး ယုံကြည်စိတ်ချရတဲ့ စီးပွားရေးကျင့်ထုံးများကို ကျင့်သုံးတဲ့စက်မှုလုပ်ငန်းကို ဖန်တီးဖို့ စိတ်အားထက်သန်နေကြပါတယ်။

- **Simone Lehmman, SMART Myanmar Project Director**

အခြားလုပ်ဆောင်စရာတွေကတော့ အများကြီးကျန်ရှိနေပါသေးတယ်။ ဒီကျင့်ဝတ်စံနှုန်းမှာတော့ ပြည်တွင်းအထည်ချုပ် လုပ်ငန်းအတွက် ချမှတ်ထားတဲ့ကျင့်ထုံးများ ရှင်းလင်းစွာပါရှိဖွဲ့စည်းထားပါတယ်။ SMART MYANMAR အနေနဲ့လည်း ဒီကျင့်ဝတ်များမှာ ပါဝင်တဲ့မှန်ကန်ထက်မြက်သော အမြင်တွေကို အကောင်အထည်ဖော်ဆောင်သွားမယ့် ရှေ့လများအတွက် MGMA ကိုလက်တွဲကူညီဖို့ရှိနေမှာပါ။

- **Simone Lehmman, SMART Myanmar Project Director**